ဇီးကုန်းမြို့နယ်စည်ပင်
သာယာရေးအဖွဲ့

(ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)

ဇီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၁၃၈၇ ခုနှစ် ၊ ပြာသို လဆန်း ၄ ရက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လ ၂၂ ရက်

**အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့် ကြော်ငြာစာအမှတ်(၁၁/၂၀၂၅)**

၁။ ဇီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၆-၂၀၂၇ ခုဘဏ္ဍာရေးနှစ် (၁.၄.၂၀၂၆) မှ (၃၁.၃.၂၀၂၇)အထိ (၁)နှစ်တာကာလအတွက် ရောင်းချမည်ဖြစ်သော အရပ်ရပ်အခွင့်အရေး လိုင်စင်များအနက် အပေါင်ဆိုင်လိုင်စင်များအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ မြို့နယ် ဝင်ကြေးဘီးကောက်လိုင်စင်နှင့် သားသတ်အခွင့်အရေးလိုင်စင်များအား သီးခြားညွှန်ကြားချက်ပါ အတိုင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း အခြားအခွင့်အရေးလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း၊ အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

(က) ရောင်းချမည့်နေ့ရက်များ- (၁၂.၁.၂၀၂၆) တနင်္လာနေ့ (ပထမအကြိမ်)
(၂၀.၁.၂၀၂၆) အင်္ဂါနေ့ (ဒုတိယအကြိမ်)
(၂၇.၁.၂၀၂၆) အင်္ဂါနေ့ (တတိယအကြိမ်)
( ၃.၂.၂၀၂၆ ) အင်္ဂါနေ့ (ချိတ်ပိတ်တင်ဒါ)
(၁၀.၂.၂၀၂၆) အင်္ဂါနေ့ (အခြားနည်း)

( ခ) ရောင်းချမည့်အချိန် - နံနက်(၁၀:၀၀)နာရီ

( ဂ) ရောင်းချမည့်နေရာ - မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ၊ ဇီးကုန်းမြို့

၂။ လျှောက်လွှာတင်သွင်းလိုသူသည် အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာ၊ အထွေထွေစည်းကမ်း၊ လိုင်စင်စည်းကမ်း(၁)စုံလျှင်(ကျပ်-၁၅၀၀၀ိ/-)(ကျပ်-တစ်သောင်းငါးထောင် တိတိ)ဖြင့် အဖွဲ့ရုံး၌ ဝယ်ယူနိုင်ပြီး သတ်မှတ်ထားသည့် လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာပုံစံအား ပြည့်စုံစွာဖြည့်စွက်၍ လိုင်စင်ရောင်းချမည့်နေ့မတိုင်မီ (၉.၁.၂၀၂၆)ရက်နေ့၊ နေ့လည်(၁၂:၀၀) နာရီအတွင်း (POP) ပေးသွင်းပြီး အောက်ပါစာရွက်စာတမ်းများနှင့်အတူ တင်သွင်းရမည်။

(က) အမှုဆောင်အရာရှိ ရာထူးအမည်ဖြင့် ပူးတွဲဖော်ပြပါ စားပွဲတင်အာမခံငွေ ပေးသွင်းထားသည့် ငွေထုတ်ယူခွင့်အမိန့် (POP)၊

( ခ) မိမိနေထိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက်၊

( ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်၊

(ဃ) မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းလဝက(၆၆/၆)ပုံစံမူရင်း၊

(င) ၂၀၂၅ - ၂၀၂၆ ခုဘဏ္ဍာရေးနှစ်တွင် ဆွဲဝယ်ဆောင်ရွက်လျှက်ရှိသော လိုင်စင်စီ ဟောင်းမဟုတ်ပါက ဆွဲဝယ်လုပ်ကိုင်ဆောင်ရွက်မည့် မြို့နယ် အတွင်း အနည်းဆုံး(၁)နှစ် နေထိုင်ပြီးသူဖြစ်ရမည်။ ထိုသို့နေထိုင်သူ ဖြစ်ကြောင်း အိမ်ထောင်စုစာရင်း (လဝကပုံစံ ၆၆/၆) တင်ပြနိုင်ရမည်။

(စ) ဆွဲဝယ်သည့် လိုင်စင်တန်ဖိုးထက် လျော့နည်းမှုမရှိသည့် မိမိပိုင်ဆိုင်သည့် ငွေစုစာအုပ်၊ ငွေစုလက်မှတ်(မြန်မာ့စီးပွားရေးဘဏ်)၊ မရွှေ့မပြောင်းနိုင် အဆောက်အဦ၊ အိမ်၊ မြေဂရန်မူရင်း၊ (အခြားသူ ပိုင်ဆိုင်ပစ္စည်းအား (Special Power) ဖြင့် လွှဲအပ်သည့် အိမ်မြေဂရန် မဖြစ်စေရ၊

(ဆ) အိမ်မြေဂရန်တင်ပြပါက အိမ်မြေဂရန်နှင့်အတူ အလားလေးဘက် ဓါတ်ပုံ (၄)ပုံ၊ မိမိနေထိုင်ရာ မြို့နယ်စည်ပင်သာယာတန်ဖိုးဖြတ်အဖွဲ့၏ စိစစ် တန်ဖိုးဖြတ်မှုအပေါ် အမှုဆောင်အရာရှိ၏ ထပ်ဆင့်ထောက်ခံချက်၊

(ဇ) မိမိနေထိုင်ရာ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်(သို့) အခွန်နှင့်ပတ်သက်၍ လုံလောက်သည့်အစီအမံ ပြုလုပ် ပြီးကြောင်း ထောက်ခံချက်၊

(ဈ) အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်သူသည် ဇီးကုန်းမြို့နယ်အတွင်းမှာ မဟုတ်ဘဲ အခြားမြို့နယ်များမှဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့၏ အခွန်ကင်းရှင်းကြောင်း၊ အမည်ပျက်စာရင်းဝင်နှင့် အမည်ပျက်မိသားစုစာရင်းဝင် မဟုတ်ကြောင်း ထောက်ခံချက်၊

၃။ အရပ်ရပ်အခွင့်အရေးလိုင်စင်မအောင်မြင်သူများအား စားပွဲတင်အပ်ငွေကို အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချခြင်းပြီးဆုံး၍ (၁၀)ရက်ပြည့်မှသာ သတ်မှတ်ချက်နှင့်အညီ စိစစ်၍ ပြန်လည်ထုတ်ယူခွင့်ပြုမည်ဖြစ်ပြီး အရပ်ရပ်အခွင့်အရေးလိုင်စင်အောင်မြင်သူများအား အဖွဲ့သို့ပေးသွင်းရမည့်ငွေနှင့် ခုနှိမ်ပေးသွင်းခွင့်ပြုမည်။

၄။ အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချသည့်နေ့တွင် လျှောက်ထားသူကိုယ်တိုင် (ကိုယ်တိုင်)တက်ရောက်ရမည်ဖြစ်ပြီး သတ်မှတ်ချိန်ထက်နောက်မကျဘဲ ကြိုတင်ရောက်ရှိနေရ မည်။အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်ခြင်းနှင့်ပတ်သက်၍ အသေးစိတ်ကိုသိလိုလျှင် ရုံးချိန် အတွင်း ဖုန်းနံပါတ် ၊ ၀၅၃-၃၄၀၁၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှုဆောင်အရာရှိ
(မျိုးဇင်ဝင်း၊ ဦးစီးအရာရှိ)

စာအမှတ်၊ ၁၃၃၁ / ဃ-၂ / ဇက-၁ ( ၀၀၁ )

ရက်စွဲ ၊ ၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ လ ၂၂ ရက်

**ဖြန့်ဝေခြင်း**

၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် လိုင်စင်စီများအားလုံး

အဖွဲ့ရုံး/ ဈေးကြော်ငြာသင်ပုန်း၊ဇီးကုန်းမြို့

မိတ္တူကို

ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ပဲခူးမြို့

ဥက္ကဋ္ဌ၊ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုကော်မတီ၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့

ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုကော်မတီ ၊ ဇီးကုန်းမြို့

ဥက္ကဋ္ဌ၊မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် အဖွဲ့ဝင်များအားလုံး၊ဇီးကုန်းမြို့

အမှုဆောင်အရာရှိ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၊ ---------- မြို့

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊-------------ရပ်ကွက်/ကျေးရွာ၊ ဇီးကုန်းမြို့

ကြော်ငြာဖိုင်

ရုံးလက်ခံ

မျှောစာတွဲ

# ဒီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွက် ရောင်းချမည့် အရပ်ရပ်အခွင့်အရေး လိုင်စင်များ

| စဉ် | လိုင်စင်အမျိုးအစား | ကြမ်းခင်းဈေး | စားပွဲတင် အာမခံငွေ | မှတ်ချက် |
|---|---|---|---|---|
| | **သီးခြားညွှန်ကြားချက်ဖြင့် ရောင်းချမည့်လိုင်စင်များ** | | | |
| ၁ | မြို့မအမဲလိုင်စင် | ၁၆၅၀၀၀၀၀ | ၈၂၅၀၀၀၀ | |
| ၂ | မြို့မဆိတ်လိုင်စင် | ၃၄၀၀၀၀၀ | ၁၇၀၀၀၀၀ | |
| ၃ | မြို့မဝက်လိုင်စင် | ၁၇၇၀၀၀၀၀ | ၈၈၅၀၀၀၀ | |
| ၄ | ဆိတ်ဖူးကျင်းဝက်လိုင်စင် | ၁၅၀၀၀၀၀ | ၇၅၀၀၀၀ | |
| ၅ | သင်ကန်ဝက်လိုင်စင် | ၁၀၀၀၀၀၀ | ၅၀၀၀၀၀ | |
| ၆ | လေးမျက်နှာဝက်လိုင်စင် | ၂၆၅၀၀၀၀ | ၁၃၂၅၀၀၀ | |
| | **သက်တမ်းတိုးစနစ်ဖြင့် ရောင်းချမည့်လိုင်စင်များ** | | | |
| ၇ | အပေါင်ဆိုင်(၁)လိုင်စင် | ၅၉၄၀၀၀၀ | ၂၉၇၀၀၀၀ | |
| ၈ | အပေါင်ဆိုင်(၂)လိုင်စင် | ၃၉၀၅၀၀၀ | ၁၉၅၂၅၀၀ | |
| ၉ | အပေါင်ဆိုင်(၃)လိုင်စင် | ၃၃၀၀၀၀၀ | ၁၆၅၀၀၀၀ | |
| ၁၀ | အပေါင်ဆိုင်(၄)လိုင်စင် | ၃၉၆၀၀၀၀ | ၁၉၈၀၀၀၀ | |
| ၁၁ | အပေါင်ဆိုင်(၅)လိုင်စင် | ၄၂၉၀၀၀၀ | ၂၁၄၅၀၀၀ | |
| ၁၂ | အပေါင်ဆိုင်(၆)လိုင်စင် | ၄၂၉၀၀၀၀ | ၂၁၄၅၀၀၀ | |
| | **ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည့်လိုင်စင်များ** | | | |
| ၁၃ | မြို့မဈေးကောက်လိုင်စင် | ၂၁၃၆၂၀၀၀ | ၁၀၆၈၁၀၀၀ | |
| ၁၄ | မြို့မဈေးစက်ဘီးထိန်းလိုင်စင် | ၆၆၀၀၀၀၀ | ၃၃၀၀၀၀၀ | |
| ၁၅ | မင်္ဂလာရေကန်ရေစည်ကောက်လိုင်စင် | ၈၂၅၀၀၀၀ | ၄၁၂၅၀၀၀ | |
| ၁၆ | မြို့မဈေးအိမ်သာကောက်လိုင်စင် | ၇၇၀၀၀၀၀ | ၃၈၅၀၀၀၀ | |
| ၁၇ | ယာဉ်ရပ်နားခွန်ကောက်လိုင်စင် | ၃၃၀၀၀၀၀ | ၁၆၅၀၀၀၀ | |
| ၁၈ | နွားပွဲဈေးလိုင်စင် | ၆၃၉၁၀၀၀၀ | ၃၁၉၅၅၀၀၀ | |
| ၁၉ | နွားပွဲဈေးစက်ဘီးထိန်းလိုင်စင် | ၂၆၄၀၀၀၀ | ၁၃၂၀၀၀၀ | |
| | | | | |
| | **စုစုပေါင်း** | **၁၈၂၁၉၇၀၀၀** | **၉၁၀၉၈၅၀၀** | |